# TMH Telecom Public Company Limited ၏၂၀၁၉-၂၀၂၀ ခုနှစ် ဘဏ္ဍာရေး နှစ်ဝက် စာရင်းရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်ကို ထုတ်ပြန်ကြေငြာခြင်း

အောက်ဖော်ပြပါ သုံးသပ်ချက်များသည် **TMH Telecom Public Company Limited** ၏ ၂၀၂၀ခုနှစ်၊ မတ်လ-(၃၁)ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်ဝက်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်ကို အခြေခံထားသော သုံးသပ်ထုတ်ပြန်ကြေညာချက်ဖြစ်၍ ထိုဘဏ္ဍာရေးရှင်းတမ်းပေါင်းချုပ်နှင့်အတူတွဲ၍ ဖတ်ရှုနိုင်ပါသည်။

အခြားငွေကြေးဖြင့် ဖော်ပြထားခြင်းမရှိပဲ ငွေကြေးအားလုံးကို မြန်မာကျပ်ငွေတစ်မျိုးတည်းဖြင့်သာ ဖော်ပြထားရှိပါသည်။

## အနှစ်ချုပ်တင်ပြချက်များ

### ကုမ္ပဏီ၏ဝင်ငွေရှင်းတမ်းအကျဉ်းချုပ်ဖော်ပြချက် (All Amount in Ks’000)

| | HY (2019-2020) | FY 2019 | % Change |
|---|---|---|---|
| | Ks’ 000 | Ks’ 000 | |
| Revenue | 2,984,114 | 2,968,196 | 1% |
| Costs of Good Sold | (1,551,268) | (1,501,064) | 3% |
| Gross Profit | 1,432,846 | 1,467,132 | |
| Other Income | 175,950 | 288,572 | -39% |
| Expense | (1,168,764) | (1,359,854) | -14% |
| Profit Before Tax | 440,033 | 395,849 | 11% |
| Tax Expense | (88,007) | (79,169) | 11% |
| Net Profit After Tax | 352,026 | 316,679 | 11% |
| Fair value adjustment of Investments | (17,325) | 32,340 | |
| Total Comprehensive Income | 334,701 | 349,019 | |
| Basic EPS (MMK) | 27 | 25 | 11% |

ယခု ဘဏ္ဍာရေးနှစ်ဝက်ကာလတွင် ရရှိသည့် ကုမ္ပဏီ၏စုစုပေါင်းဝင်ငွေ ကျပ်(၂.၉၈)ဘီလီယံသည် ယခင်နှစ်အလားတူကာလတွင် ရရှိခဲ့သော စုစုပေါင်းဝင်ငွေ ကျပ်(၂.၉၇)ဘီလီယံထက် (၁)ရာခိုင်နှုန်း တိုးမြှင့်ခဲ့ပါသည်။ ထိုသို့ဝင်ငွေတိုးလာခြင်း၏ အဓိကအကြောင်းရင်းမှာ ကုမ္ပဏီ၏ ဆက်သွယ်ရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းသစ်များ၏ဝင်ငွေမှာ၂၀၂၀-ဇန်နဝါရီလတွင် စတင်ရရှိခဲ့ခြင်း ကြောင့်ဖြစ်ပါသည်။ အကြမ်းအမြတ်အနေဖြင့် သိသာသောပြောင်းလဲမှုမရှိသော်လည်း နောင်ကာလများတွင် ယခုကာလ ထက်ဝင်ငွေတိုးတက်မှု ပိုမိုကောင်းမွန်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အခြားဝင်ငွေ(Other income) သည် ယခင်ဘဏ္ဍာရေးကာလထက် (ဂ.၁၁)ဘီလီယံ ကျဆင်းခဲ့ခြင်းမှာ ပြင်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် သက်ဆိုင်သည့် ဝင်ငွေတရပ်သည် ယခင်ဘဏ္ဍာရေးနှစ်ကာလတွင် ရရှိခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

ထိရောက်သော အသုံးစရိတ်များထိန်းချုပ်မှုနည်းလမ်းများကို အသုံးပြုခဲ့ခြင်းကြောင့် ယခုဘဏ္ဍာရေးကာလတွင် အခွန်မပေးချေမီအမြတ်သည် ယခင်ကာလထက် (၁၁)ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။ Available-for-sale ရင်းနှီးမြှုပ်နှံမှုများ၏တန်ဖိုးကို ပြန်လည်သတ်မှတ်ရာတွင် First Myanmar Investment Co.,ltd (FMI)၏ ရှယ်ယာများကို စာရင်းပိတ်ချိန်ရှိ ဈေးကွက်ရှယ်ယာဈေးနှုန်းနှင့်အညီ တန်ဖိုးသင့်ခဲ့ပါသည်။ ကုမ္ပဏီ၏ Earning Per Share တန်ဖိုးသည် ယခင်ဘဏ္ဍာရေးကာလတွင် တစ်စောင် (၂၅)ကျပ် ရရှိခဲ့ရာမှ ယခုဘဏ္ဍာရေးနှစ်ဝက်ကာလတွင် ရှယ်ယာတစ်စုတန်ဖိုးသည် (၂၇)ကျပ်သို့ တိုးမြှင့်လာခဲ့ပါသည်။

**ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်းအကျဉ်းချုပ် ဖော်ပြချက်**

| Assets | HY (2019-20) | FY 2019 | % Change |
|---|---|---|---|
| | Ks' 000 | Ks' 000 | |
| Total Non-Current Assets | 3,916,098 | 3,903,955 | 0.3% |
| Total Current Assets | 12,970,584 | 13,396,159 | -3.2% |
| **Total Assets** | **16,886,683** | **17,300,114** | |
| **Equity & Liabilities** | | | |
| Total Equity | 16,081,918 | 15,827,361 | 1.6% |
| Total Liabilities | 804,765 | 1,472,752 | -45.4% |
| **Total Equity & Liabilities** | **16,886,683** | **17,300,114** | |

လက်ငင်းရပိုင်ခွင့်သည် ယခုဘဏ္ဍာရေးကာလတွင် (၃.၂)ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည်။ ထိုသို့ကျဆင်းရခြင်းမှာ ကြိုတင်အသုံးစရိတ်များသည် ယခုကာလတွင် စရိတ်အဖြစ် အသိမှတ်ပြုစာရင်းရေးသွင်းရန်အတွက် အချိန်ကျရောက်လာခြင်းအတွက်ကြောင့် ဖြစ်ပါသည်။ ပုံသေရပိုင်ခွင့်သည် ယခင်ကာလထက် (၁.၃)ရာခိုင်နှုန်း တိုးမြင့်လာခြင်းမှာ အစုရှယ်ယာရှင်များအတွက် ရေရှည်အကျိုးဖြစ်ထွန်းမှုရှိစေရန်ရည်ရွယ်၍ မီဒီယာလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု အသစ်များကို ထပ်မံတိုးချဲ့ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

လက်ငင်းပေးရန်တာဝန် ကျဆင်းသွားမှုသည် ယခင်ဘဏ္ဍာရေးနှစ်ကာလတွင် ကြိုတင်ရရှိငွေများမှာ ယခုနှစ်တွင် အချိန်စေ့ရောက်ပြီးဖြစ်သည့် အတွက် ပေးရန်တာဝန်မှ ဝင်ငွေ အဖြစ်သို့ စာရင်းကိုင်စံနှုန်းနှင့်အညီ ပြောင်းလဲလိုက်သောကြောင့် ဖြစ်သည်။

**သုံးသပ်ချက်နှင့် ရှေ့အလားအလာ**

တီအမ်အိတ်ချ် ကုမ္ပဏီ၏ စီမံခန့်ခွဲရေးအဖွဲ့မှ တင်ပြလိုသည်မှာ (၃၁-၃-၂၀၂၀) ရက်နေ့တွင် ကုန်ဆုံးသော နှစ်ဝက်ဘဏ္ဍာရေးရှင်းတမ်းတွင် ဖော်ပြထားသော ဘဏ္ဍာရေး ရလဒ်များသည် ယခင်ဘဏ္ဍာရေးကာလနှင့် နှိုင်းယှဉ်ပါက ပိုမိုကောင်းမွန်လာသည်ကို တွေ့မြင်ရပါသည်။ ရလဒ်များကောင်းမွန်လာရခြင်း၏ အကြောင်းရင်းမှာ ကုမ္ပဏီ၏ အောင်မြင်သော စီမံကိန်းလုပ်ငန်းသစ်များအကောင်အထည်ဖော်နိုင်မှုနှင့် ယခုကာလတွင် ထိရောက်သော အသုံးစရိတ်ထိန်းချုပ်မှု နည်းဗျူဟာများကို ချမှတ် နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

၂၀၁၉ခုနှစ် ၊ ဖော်ဖော်ဝါရီလတွင် စတင်အကောင်အထည်ဖော်ခဲ့သော Thi PP Lar mobile application လုပ်ငန်းသည် Covid -19 ကူးစက်ရောဂါ ကာလအတွင်း မိတ်ဖက်ကုမ္ပဏီများမှ နည်းပညာပိုင်းတွင် ပံ့ပိုးပေးနိုင်မှု အခက်အခဲများရှိလာခဲ့ပါသည်။ သို့ဖြစ်ပါ၍ အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားကို ထိခိုက်မှုမရှိစေရန် အတွက် လုပ်ငန်းရပ်ဆိုင်းထားပါသည်။ ယခုလုပ်ငန်းရပ်ဆိုင်းမှုသည် ကုမ္ပဏီ၏ ဝင်ငွေနှင့် အမြတ်ကို ထိခိုက်စေခြင်းမရှိခဲ့ပါ။

တီအမ်အိတ်ချ် ကုမ္ပဏီ၏ စီမံခန့်ခွဲရေးအဖွဲ့အနေဖြင့် အခြားသော အလားအလာကောင်းများရှိသည့် စီမံကိန်းလုပ်ငန်းများကို ဆက်လက်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားခြင်းဖြင့် ကူးစက်ရောဂါကာလ အတွင်းတွင်လည်း အစုရှယ်ယာရှင်များ၏ အကျိုးစီးပွားကို ထိခိုက်မှုမရှိစေရန်အပြင် ကျန်ရှိနေသော ဘဏ္ဍာနှစ်ဂက်ကိုလည်း လုပ်ငန်းများအားလုံးကို ကောင်းမွန်သော ရလဒ်များ ဖြစ်ပေါ်စေရန် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

သီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၂၀ခုနှစ်၊ ဇွန်လ (၃၀)ရက်။